**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဗီယင်နာမြို့**

**ဩစတြီးယားနိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနှင့် အယ်လ်ဘေးနီးယား နိုင်ငံရောက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးနိုင်ရေးအတွက် ပုံစံ(၁၅) ဖြည့်စွက်ပေးပို့နိုင်သည့်ရက်အား တိုးမြှင့်ထားရှိကြောင်း ထပ်မံအသိပေးကြေညာခြင်း**

(၁၂-၉-၂၀၂၅၊ ဗီယင်နာမြို့)

၁။ ဩစတြီးယားနိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနှင့် အယ်လ်ဘေးနီးယားနိုင်ငံရောက် မဲပေးပိုင်ခွင့်ရှိသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်များ ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)ကို ၈-၉-၂၀၂၅ ရက် နောက်ဆုံးထားပေးပို့နိုင်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် နိုင်ငံပြင်ပတွင် ရောက်ရှိနေပြီး ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပုံစံ(၁၅)ပေးပို့ရန် ကျန်ရှိနေမှု မရှိစေရေးအတွက် အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းထားသည့် ပုံစံ(၁၅)များကို မြန်မာသံရုံး၊ ဗီယင်နာမြို့သို့ ပေးပို့နိုင်သည့် ရက်ကို **၃၀-၉-၂၀၂၅ ရက်အထိ** တိုးမြှင့်ထားပါကြောင်းနှင့် ပြည့်စုံစွာဖြည့်စွက်ထားသော ပုံစံ(၁၅)များအား အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့နိုင်ပါကြောင်းနှင့် ပြန်လည်ပို့ပေးသည့်အခါ ဆက်သွယ်ရမည့် လိပ်စာ၊ အီးမေးလ်နှင့် ဖုန်းနံပါတ်များကိုပါ ထည့်သွင်း ဖော်ပြပေးပို့ပေးပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်-

**Embassy of the Republic of the Union of Myanmar**
Andromeda Tower, Donau-City-Straße 6/Top 9.OG/1, 1220 Wien
Email: office@myanmarembvienna.at
Tel: +43 6649230836

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 056 VIENNA

မြန်မာသံရုံး၊ ဗီယင်နာမြို့
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်